ဇူလိုင်လ (၁၁)ရက်၊ ၂၀၁၃ ခုနှစ်

**မိုလိုအမျိုးသမီး သတ္တုတွင်း လေ့လာစောင့်ကြည့်ရေးကွန်ယက်၏ သတင်းထုတ်ပြန်ချက်**

**အန္တရယ်များသည့် မော်ချီးခဲမဖြူသတ္တုတွင်းတိုးချဲ့ထုတ်လုပ်ရေး မြန်မာအစိုးရ၏အစီအစဉ်သည် ကရင်နီပြည်နယ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဖျက်လိုပျက်စီးဖြစ်စေခြင်း**

မြန်မာအစိုးရမှ မော်ချီးခဲမဖြူသတ္တုတွင်းတိုးချဲ့ထုတ်လုပ်ရန် စီစဉ်ခြင်းသည် နောက်ဆုံးကရင်နီအမျိုးသားတိုးတက်ရေးပါတီ (ကေအဲန်ပီပီ) နှင့်ချုပ်ဆိုသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖေါက်ရာရောက်သဖြင့် ချက်ချင်းရပ်တန့်သင့်သည်။

ပြီးခဲ့သည်လပိုင်းများ၌ တရုတ်ကုမ္မဏီတခုမှ မော်ချီးဆယ့်သုံးကုန်းတွင် လမ်းနှင့် အိမ်များ လာရောက်တည်ဆောက်သွားကာ သတ္တုကို အ

ကြီးအကျယ် တိုးချဲ့ထုတ်လုပ်ရန် ပြင်ဆင်လာပါသည်။ ပြီးခဲ့သည့်နှစ်အတွင်း သတ္တုတိုးချဲ့လုပ်ကိုင်ရန် ဒေသခံရွာသားများအား ပြောင်းရွှေ့ရန်လာရောက်ပြောဆိုခဲ့ သော်လည်း တခြား သတင်းအချက်အလက်များ အသိပေးပြောဆိုပေးခြင်းမရှိခဲ့ချေ။

ပြီးခဲ့သည့်အပါတ် ဒေသခံရွာသား (၁၈၂)ဦး လက်မှတ်ထိုးပြီး ကေအဲန်ပီပီထံ စာပေးပို့ခဲ့ကြကာ အဆိုပါကန့်ကွက်စာတွင် တိုးချဲ့လုပ်ကိုင်မည့် သတ္တုတွင်း လုပ်ငန်းကို ရပ်တန့်ရန်တောင်းဆိုခဲ့သည်။ အဆိုပါစီမံကိန်းကြောင့် လူမှုရေးနှင့် သဘာဝပါတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်စေမည်ဖြစ်ပြီး ဒေသ ခံများသည်လည်း မိမိတို့ ကျေးရွာမှ အခြားနေရာသို့ မပြောင်းရွှေ့လိုကြောင်း ဖေါ်ပြထားပါသည်။

နောက်ဆုံး ဇွန်လ(၂၁)ရက်နေ့ ကေအဲန်ပီပီနှင့် ချုပ်ဆိုထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်တွင် အစိုးရဖက်မှ မည်သည့်**"အကြီးစားစီမံ ကိန်းအသစ်"**ကိုမဆို ကရင်နီပြည်တွင် အကောင်အထည်ဖေါ်ရာ၌ တာဝန်ခံမှုရှိရမည်ဖြစ်ပြီး ဒေသခပြည်သူများအတွက် **"ဆုံးရှုံးနစ်နာမှု"** မဖြစ်ပေါ်စေရန် သဘောတူညီခဲ့ကြသည်။

ထို့ကြောင့် မိုလိုအမျိုးသမီးအနေဖြင့် အစိုးရအားတောင်းဆိုသည်မှာ သတ္တုတွင်းလုပ်ငန်းတိုးချဲ့လုပ်ကိုင်ခြင်းကို ချက်ခြင်းရပ်တန့်ပေးရန်နှင့် ကရင်နီလူ ထုများကိုယ်တိုင် ၄င်းတို့သယံဇာတကို ကိုယ်ပိုင်ရောင်းချပိုင်ခွင့်နှင့်အသုံးပြုပိုင်ခွင့် အခွင့်အရေးများအတွက် အာမခံပေးနိုင်သောဖွဲ့စည်းပုံအခြေခံဥပ ဒေရှိရန် အခြေခံဥပဒေပြင်ဆင်ရေးပါဝင်သည့် နိုင်ငံရေးစေ့စပ်ညှိနှိုင်းမှုပြုလုပ်ရန် တောင်းဆိုပါသည်။

"နိုင်ငံရေးစကားမပြောသေးခင် အစိုးရက ကျမတို့ရဲ့တောင်တွေ၊အိမ်ယာတွေကို ဖျက်ဆီးဖို့တရုတ်တွေကိုခွင့်ပြုမယ်ဆိုရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အစိုးရက တိုက်ရိုက် ဖျက်လိုဖျက်ဆီးလုပ်တာဘဲ" ဟို မိုလိုအမျိုးသမီး သတ္တုတွင်းလေ့လာစောင့်ကြည့်ရေးကွန်ယက်မှ မော်သိုးမြာ ကသတိပေးသည်။

မိုလိုအမျိုးသမီး သတ္တုတွင်းလေ့လာစောင့်ကြည့်ရေးကွန်ယက်သည် ကရင်နီပြည်နယ်တဝှမ်းလုံးရှိ သတ္တုတွင်းလုပ်ငန်းများကြောင့် လူမှုရေးနှင့် သဘာဝပါတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများကို ရင်ဆိုကြုံတွေ့နေကြရသည့် အမျိုးသမီးများအတွက် ကူညီလုပ်ကိုင်သောအဖွဲ့ဖြစ်သည်။ မော်ချီးသတ္တုတွင်းကြောင့် ထိခိုက်နစ်နာမှုအသေးစိပ်ကို သိရှိဖတ်ရှုလိုပါက "ဘုံပျောက်လာသည့် မော်ချီးဒေသခံများ"အစီရင်ခံစာကို [www.karenniwomen.org](http://www.karenniwomen.org) တွင်တက်ရောက်ဖတ်ရှုနိုင်ပါသည်။

ဆက်သွယ်ရန်

မော်သိုးမြာ ဖုန်း –၀၈၅ ၇၂၁၃၈၆၀